**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊တဆပ/ဆေးဝါး/၂၀၁၈(၂၁၇၅)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေ လ ၂၉ ရက်

သို့

တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူး

တိုင်းရင်းဆေးပညာဦးစီးဌာန

----------------------- တိုင်းဒေသကြီး/ ပြည်နယ်

အကြောင်းအရာ။ **တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ကတ်ပြားများ ထုတ်ယူရာတွင် လိုက်နာဆောင်ရွက်ရန်ကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်တွင် (၂၂-၅-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေး (၂/ ၂၀၁၈) ဆုံးဖြတ်ချက် အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်ကတ်ပြားများကို လွယ်ကူစွာ ထုတ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးရုံးများမှ တဆင့် ထုတ်ပေးသွားရန် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ညွှန်ကြားချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါသည်-

(က) ပေးသွင်းရမည့်ငွေအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံး ငွေထုတ်စာရင်းများသို့ ဤစာထုတ်ပြန်သည့်နေ့မှစ၍ လက်ခံပေးသွင်းစေရန်နှင့် ငွေသွင်းချလံများအား ဦးစီးဌာနများမှ လိုက်နာကျင့်သုံးရသည့် ငွေစာရင်းထိန်းသိမ်းရေး နည်းလမ်းညွှန်ကြားချက်နှင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု၍ ဦးစီးဌာန(ရုံးချုပ်)သို့ ရေးဆွဲတင်ပြရန်။

(ခ) လအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၊ ဆေးဝါးနှင့်ဥယျာဉ်ဌာန(ခွဲ)သို့ လ၏နောက်ဆုံး ပတ်အရောက် ပြန်လည် တင်ပြရန်။

(ဂ) သတ်မှတ်ငွေကြေးနှုန်းထား ပေးသွင်းရာတွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်/သက်တမ်းတိုး) ထုတ်လုပ်ခွင့်လိုင်စင် (အသစ်/သက်တမ်းတိုး/ဖြည့်စွက်)ကတ်ပြားများနှင့်အတူ ပေးပို့သည့် စာရင်းတွင်ပါရှိသည့်အတိုင်း ပေးသွင်းရန်။

**ပူးတွဲ**

တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ပေးပို့ရမည့် လအလိုက်ဆောင်ရွက်ပြီးစီးမှု စာရင်း (နမူနာပုံစံ)

(ကျော်သိန်းဌေး)
ခေတ္တညွှန်ကြားရေးမှူးချုပ်

မိတ္တူကို-

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ တိုင်းရင်းဆေးပညာဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူး(ဘဏ္ဍာ)၊ တိုင်းရင်းဆေးပညာဦးစီးဌာန
ရုံးလက်ခံ/ မျှောစာတွဲ

DTM